

# မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေ အစီရင်ခံစာ

ဇန်နဝါရီ - ဒီဇင်ဘာ ၂၀၁၅

ကျေးဇူးတင်မှတ်တမ်း

လုံခြုံရေးအန္တရာယ် ရှိသည့်တိုင် အမှန်တရားကို ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုပေးခဲ့သူများနှင့် ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများမှ စွန့်စွန့်စားစား အချက်အလက်ကောက်ယူပေးခဲ့သော ကွင်းဆင်းသတင်းကောက်ယူသူအားလုံးအား ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာအား တည်းဖြတ်ပေးသော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်းမှ စေတနာ့ဝန်ထမ်းများအား အထူးကျေးဇူးတင်အပ်ပါသည်။

အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အထောက်အပံ့ပေးခဲ့သည့် Open Society Foundation ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

*Cover photo*: TSYO, IDP camp in Shan State
*Back cover photo*: TSYO, IDPs given training about land mine

Published by Network for Human Rights Documentation - Burma
February, 2016

GPO 315, Chiang Mai 50000, Thailand
T/F - +66 (0) 53 408 149
office@nd-burma.org, www.nd-burma.org

# နိဒါန်း

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မြန်မာပြည်တဝှန်း လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်း ၈၄ ခုကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ မှတ်တမ်း တင်နိုင်ခဲ့သည်။ ၁၂ လတာကာလအတွင်း လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသည့် နေရာများ အပြင်၊ အပစ်အခတ်ရပ်စဲထားသည့် ဒေသများရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်း တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ချိုးဖောက်မှု တခုချင်းစီသည် တိကျသည့် အဖြစ်အပျက်များဖြစ်သော် လည်း သတ်ဖြတ်ခံရသူ တဦးမှစ၍ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခံရသူ အများအပြား၊ ရွာလုံးကျွတ် အတင်းအဓမ္မပြောင်းရွှေ့ခံရသူများအထိ လူ့အခွင့်အရေး ချိုးဖောက်ခံရသူ အများအပြားပါဝင်နိုင်သည်။

ND-Burma မှ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် ND-Burma အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်းသတင်းထောက်များ ကောက်ယူစုဆောင်းထားသည့် သတင်းအချက်အလက်များကို အခြေခံထားဖြင်းဖြစ်သည်။ လုံခြုံရေးအခြေအနေအရ ကွင်းဆင်းသတင်းထောက်များသည် တနိုင်ငံလုံးတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုး ဖောက်မှုများကို ကောက်ယူ၊ မှတ်တမ်းတင်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် ယခုအစီရင်ခံစာတွင် ပါရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၉ ခုတွင် သာ ကောက်ယူစုဆောင်းထားခြင်းဖြစ်သည်။ ND-Burma မှ မှတ်တမ်းတင်ရန် လက်လှမ်းမမီခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း သတင်းဌာနများနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းမှ သတင်းများကို နိဒါန်းပိုင်းတွင် ဖော်ပြထားသည်။

ND-Burma ၏ တွေ့ရှိချက်များအရ အစိုးရအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAOs) အချို့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူမှုရခဲ့သော်လည်း အစိုးရအနေဖြင့် ပြည်သူများအပေါ် လူ့အခွင့်အရေးအရ အကာအကွယ်ပေးနိုင်မှု မဆိုစလောက်သာ ရှိခဲ့သည်။ ထို့အပြင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများကို ဆက်လက်ဖမ်းဆီးနေမှုကလည်း အစိုးရ အနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အကာအကွယ် ပေးမှုများကို အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ် မရှိမှုကို ပြသနေ သည်။

၂၀၁၅ ခုနှစ်အတွင်း မြန်မာပြည်မြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားနေမှုကြောင့် အရပ်သားပြည်သူ တသိန်းခန့် စစ်ပြေးဒုက္ခသည်များအဖြစ် တိမ်းရှောင်နေရသည်။

ဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ လက်စတုံးဖျောက်ဖျက်ခြင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် တခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခြင်း၊ ပစ္စည်းများ ထမ်းပိုးပေးရခြင်းကဲ့သို့ အဓမ္မခိုင်းစေခြင်း၊ ကလေးစစ်သား စုဆောင်း

ခြင်းနှင့် လူသားချင်းစာနာထောက်ထားသည့် အကူအညီများ မရရှိအောင် ဟန့်တား နှောင့်ယှက်ခြင်းများကို တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) မထိုးမီနှင့် ထိုးပြီးနောက်ပိုင်း အထူးသဖြင့် အစိုးရစစ်တပ်မှ ကျူးလွန်ပြီး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ကျူးလွန်သည့် သတင်းများကို ရရှိသည်။

ဖေဖော်ဂါရီလ အစောပိုင်းတွင်၊ လူ့အခွင့်အရေးအဖွဲ့အစည်းတခုဖြစ်သည့် ရှမ်းလူ့အခွင့်အရေး မဏ္ဍိုင် (SHRF) ၏ သတင်းအရ၊ ရှမ်းပြည်မြောက်ပိုင်း တိုက်ပွဲများအတွင်း ကိုးကန့်ဒေသခံ ရွာသား အနည်းဆုံး ၁၀ဦးခန့် ပစ်ခတ်၊ ညှင်းပန်းနှိပ်စက်ခံရသည်[1]။ Free Burma Ranger အဖွဲ့၏ သတင်းများအရမြန်မာစစ်တပ်၏ အလားတူ တိုက်ခိုက်မှုများကြောင့် မတ်လ ၂၁ ရက်နေ့တွင် ဒေသခံရွာသား ၂ ဦး အသတ်ခံရသည်[2]။ ထို့အပြင် မတ်လ ၂၃ ရက်နေ့တွင်လည်း ကချင်ပြည်နယ်၊ ဒူးခုကျေးရွာရှိ ကချင်မိသားစု ၃ ဦး အသတ်ခံရသည်[3]။

NCA မထိုးမီ တလအလိုဖြစ်သည့် စက်တင်ဘာလတွင်၊ ဒေသခံရွာသားများနေထိုင်သည့် ကျေးရွာအတွင်း မြန်မာစစ်တပ်မှ ရမ်းသမ်းပစ်ခတ်သဖြင့် ရွာသား ၂ဦး သေဆုံးခဲ့ရပြီး၊ အများအပြား ဒဏ်ရာရရှိခဲ့သည့်အတွက် စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်သည်[4]။

ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ရှမ်းပြည်တပ်မတော်မြောက်ပိုင်း (SSA-N/SSPP ရှမ်းပြည်တိုးတက်ရေးပါတီ) တို့က အောက်တိုဘာ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးသည့် NCA ကို ငြင်းဆန်ခဲ့ပြီးနောက်၊ မြန်မာစစ်တပ်အနေဖြင့် ထိုးစစ်များဆင်နွှဲခဲ့သည်။ Free Burma Rangers အဖွဲ့၏ ထုတ်ပြန်ချက်အရ ၂၀၁၅ ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလအတွင်း ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ် အနောက်ပိုင်းတွင် တိုက်ပွဲ ၉၂ ကြိမ်ဖြစ်ပွားခဲ့ပြီး[5]၊ အရပ်သား ၃ ဦးအပါအဝင် အနည်းဆုံး လူ ၁၅ ဦးခန့် အသက်ဆုံးရှုံးခဲ့သည်[6]။

နိုဝင်ဘာလအတွင်း မြန်မာစစ်တပ်အနေဖြင့် အပစ်အခတ်ရပ်စဲထားသည့် ရှမ်းနယ်မြေများအား သိမ်းပိုက်နိုင်ရန်အတွက် လေကြောင်းမှရော၊ မြေပြင်မှပါ လူနေထူထပ်သည့် ဒေသများအပေါ် ဒုံးကျည်ဖြင့် တိုက်ခိုက်ပြီး ကြီးမား၊ ပြင်းထန်သော ထိုးစစ်ဆင်နွှဲခဲ့ရာ စစ်ပြေးဒုက္ခသည် တသောင်းကျော် အိုးအိမ်များစွန့်ခွာ၊ ထွက်ပြေးခဲ့ရသည်[7]။

စံနစ်တကျ ညှင်းပန်းနှိပ်စက်မှုများ ရှမ်းနှင့် ကချင်ပြည်နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်။ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် စိုင်းရီလင်းနှင့် စိုင်းမောင်ဆမ် ဆိုသည့် ရှမ်းတိုင်းရင်းသား ၂ဦးသည် ကချင်ပြည်နယ်အတွင်း ခရီးသွားနေစဉ်၊ ၎င်းတို့သည် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ပတ်သက်၊ ဆက်နွယ်မှုရှိသည်ဟု ယူဆကာ မြန်မာ့တပ်မတော်မှ ဖမ်းဆီးနှိပ်စက်ခြင်းခံကြရသည်[8]။ မြန်မာ့တပ်မတော်မှ ထိုသို့ကျူးလွန်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်နိုင်ခဲ့သော်လည်း ကျူးလွန်သူများမှာ အပြစ်ပေးအရေးယူခြင်း ကင်းလွတ်ခံနေရပြီး ကျူးလွန်ခံရသူများအတွက်လည်း မည်သည့် အရေးယူဆောင်ရွက်ပေးမှုမျိုးမရှိပေ။

မြန်မာစစ်တပ်၏ စစ်ပုံသွင်းခြင်းနှင့် ထိုးစစ်များက တိုင်းရင်းသားဒေသများရှိ အမျိုးသမီးတို့၏

---

1 2014, 'Burma Army Shot, Tortured Kokang Civilians during Conflict: Rights Group', The Irrawaddy 5 March. Available from: http://www.irrawaddy.com/

2 2014, 'FBR Allege Burma Army Rob and Kill 103 year-old Grandmother', Karen News 25 April. Available from: http://karennews.org/

3 2014, 'Government Forces Killing Civilians in Kachin State, says Aid Organisation', *Karen News* 3 April. Available from: http://karennews.org/

4 2014, 'Burma Army Attack Leaves Two Shan Villagers Dead, Several Injured' , Karen News 1 October. Available from: http://karennews.org/

5 2014, 'Tens of Thousands' of Civilians Displaced in new Burma Army Attacks' , Karen News 16 December. Available from: http://karennews.org/

6 2014, 'Tens of Thousands' of Civilians Displaced in new Burma Army Attacks' , *Karen News* 16 December. Available from: http://karennews.org/

7 2014, International community must break its silence on Naypyidaw's war crimes in central Shan State', *Shan Human Rights Foundation* 26 November. Available from: 'http://www.shanhumanrights.org/

8 2014, 'Shan men say Burmese soldiers tortured them', DVB 27 November. Available from: http://www.dvb.no/

ဘ၀ လုံခြုံရေးကို ဆက်လက်ခြောက်လှန့်နေဆဲဖြစ်သည်။ SHRF မှ ၂၀၁၅ ခုနှစ် ဧပြီလမှ နို၀င်ဘာလ အတွင်း မြန်မာ့တပ်မတော်မှ ရှမ်းပြည်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ၈ ခုကို မှတ်တမ်းတင်နိုင်ခဲ့သည်[9]။

ဇန်နဝါရီ ၁၉ နှင့် ၂၀ ရက်များတွင် ကချင်ဆရာမလေးနှစ်ဦးဖြစ်သည့် မရန်လုရာနှင့် မတန်ဘောင်ခေါ်န်နန်စင် တို့သည် ရှမ်းပြည်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်၏ ရက်ရက်စက်စက် အဓမ္မပြုကျင့် သတ်ဖြတ်ခြင်းခံခဲ့ရ သည်။ ကချင်အမျိုးသမီးအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) နှင့် ဥပဒေအထောက်ပြု ကွန်ရက် (LAN) တို့က ကချင်ဆရာမလေးများ အဓမ္မပြုကျင့် သတ်ဖြတ်ခံရခြင်း တနှစ်ပြည့်သည့်နေ့တွင် မြန်မာ့တပ်မတော် ပါ၀င် ပတ်သက်သည့် အဆိုပါအမှုနှင့်ပတ်သက်ပြီး စနစ်တကျ ဖုံးကွယ်ထားမှုအား၊ အစီရင်ခံစာထုတ်ပြန်၍ ဖော်ထုတ်တင်ပြခဲ့သည်[10]။ အမှုနှင့်ပတ်သက်ပြီး ပြည့်စုံလုံလောက်သည့် စုံစမ်း စစ်ဆေးမှုများ မပြုလုပ်သလို၊ ကျူးလွန်သူ တစုံတဦးကိုမျှ အရေးမယူနိုင်ခြင်းက၊ မြန်မာပြည်တလွှားတွင် လူ့အခွင့်အရေး ကျူးလွန်ဖောက် သူများအပေါ် အပြစ်ပေးအရေးယူမှုမရှိခြင်းကို သက်သေပြနေသည်။

၂၀၁၅ ခုနှစ်အတွင်း နောက်ထပ် ထင်ရှားသည့်ဖြစ်ရပ်မှာ နို၀င်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သည့် အထွေ ထွေ ရွေးကောက်ပွဲဖြစ်သည်။ ၂၅ နှစ်အတွင်း အလွတ်လပ်ဆုံးနှင့် တရားမျှတမှုအရှိဆုံး ရွေးကောက်ပွဲ ဟု ဆိုသော်လည်း လူနည်းစုများမှာ မဲပေးခွင့် မရခြင်းနှင့် အာဏာရပါတီအား နိုင်ငံရေးအရ ဆန့်ကျင်နေသူများ အား ဖမ်းဆီးနေမှုများ ရှိနေသည်။

ရွေးကောက်ပွဲကာလမှစ၍ ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆို မှုများအတွက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများမှာ ဆက်လက်ဖမ်းဆီး၊ ထိန်းသိမ်းခံနေရဆဲ ဖြစ်သည်။ မတ်လက အမျိုး သားပညာရေးဥပဒေ ပြင်ဆင်ရေးအတွက် ကန့်ကွက် ဆန္ဒပြခဲ့သည့် ကျောင်းသားများမှာ ထိန်းသိမ်းခံနေရ ဆဲဖြစ်သည်။ အများစုမှာ ကျန်းမာရေးချို့တဲ့နေပြီး ဆေးဝါးကုသခံပိုင်ခွင့် ငြင်းပယ်ခြင်းခံနေရသည်။

၂၀၁၅ ဒီဇင်ဘာလကုန်အထိ နိုင်ငံရေးအကျဉ်းသား ၁၂၉ ဦး အကျဉ်းကျခံနေရပြီး၊ တက်ကြွလှုပ်ရှားသူ ၄၀၈ ဦး မှာ နိုင်ငံရေးလှုပ်ရှားမှုကြောင့်၊ အမှုရင်ဆိုင်နေရသည်[11]။

# အချက်အလက်ကောက်ယူသည့်နည်းလမ်း

*ကွင်းဆင်းသတင်းကောက်ယူသူများ၏အခြေအနေ* - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ၏ ကွင်းဆင်းအချက်အလက် ကောက် ယူသူများသည် လူ့အခွင့်အရေး မှတ်တမ်းများကောက်ယူရာတွင် အသက်အန္တရာယ်နှင့် ရင်း၍ ဆောင်ရွက်ရသည်။ လူ့အခွင့် အရေးစောင့်ကြည့်လေ့လာသူများသည် အစိုးရ၏ အငြိုးထားမှုခံရသည့်အပြင် မျက်ခြေမပြတ် စောင့်ကြည့်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီး၊ ထောင်ချခံရခြင်းတို့ အမြဲတစေရင်ဆိုင်ရသည်။ လုံခြုံရေးအခြေ အနေကြောင့် လူ့အခွင့်အရေးမှတ်တ မ်းတင်ခြင်းအား ထင်ထင်ပေါ်ပေါ် မလုပ်နိုင်သည့် အတွက် မြန်မာနိုင်ငံတ ပှမ်းလုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့်အရေး အခြေအနေအားလုံးအား ထပ်ဟပ် ဖော်ပြနိုင်ခြင်းမရှိပေ။

အပစ်အခတ်ရပ်စဲထားသည့် နေရာများတွင်ပင် ကွင်းဆင်းအချက်အလက်ကောက်ယူသူများနှင့် ၎င်းတို့ ဆက်သွယ်သည့် ပြည်သူလူထုမှာ လုံခြုံရေးအန္တရာယ်ကို ကြုံတွေ့ရတတ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်တပ်နှင့် ရဲတပ်ဖွဲ့က ကျူးလွန်ချိုးဖောက်ခံရသူများကို ဆိတ်ဆိတ် နေကြရန် မကြာခန ခြိမ်းခြောက်၊ သတိပေးနေ၍ ဖြစ်သည်။ အကယ်၍ စစ်တပ်နှင့် ရဲတို့က ကွင်းဆင်း သတင်းကောက်ယူသူတဦးအား ၎င်းမှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုး ဖောက်မှု သတင်းအချက်အလက်များနှင့် အတူတွေ့ရှိပါက၊ အဆိုပါ ကွင်းဆင်းသမားသည် မတရားသည့် ဥပဒေများအရ အရေးယူခံရနိုင်ခြင်း၊ ဟန့်တားနှောင့်ယှက် ခန့်ရခြင်းနှင့် အကြမ်းဖက် နှိပ်စက်ခံရနိုင်သည်။

---

9 2014, 'Sexual violence by Burmese government troops continues despite ceasefires in Shan State', Shan Human Rights Foundation 25 November. Available from: http://www.shanhumanrights.org/

10 2014, 'New report exposes systematic cover-up of Myanmar Army involvement in Kachin rape-murder casehttp://nd-burma.org/resources/other-press-statements/report-exposes-systematic-myanmar-army-kachin-rape-murder-case/

11 2014, 'AAPP December chronology', AAPP January http://aappb.org/2016/01/monthly-chronology-of-december-2015-and-remaining-political-prisoners-list-and-facing-trial-list/

ကွင်းဆင်း၍ အချက်အလက် ကောက်ယူနေကြသူများသည် အဖြစ်အပျက်များအား ပြောပြ၊ သတင်းပေးသူများအပေါ် အခြေခံ၍ မှတ်တမ်းတင်ကြရသည်။ ထို့ကြောင့် ကွန်ရက်၏ ကွင်းဆင်း အချက်အလက် ကောက်ယူသူတိုင်းသည် သတင်းပေးနိုင်မည့် အဆက်အသွယ်များ ပိုမိုရရှိလာစေရန် ကြိုးပမ်းရသကဲ့သို့၊ ကျေးရွာခေါင်းဆောင်၊ အစိုးရဝန်ထမ်းများနှင့်လည်း တွေ့ဆုံမေးမြန်း အချက်အလက် ကောက်ယူရသည်။

*မှတ်တမ်းတင်ခြင်း* - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) သည် နိုင်ငံတကာလူ့အခွင့်အရေး အန်ဂျီအိုများ၏ အကူအညီကိုရယူ၍ ကွန်ရက် အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက် ကောက်ယူသူများကို သင်တန်းပေးသည်။ ထို့နောက် ကွင်း ဆင်းအချက်အလက် ကောက်ယူသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ၉ ခုအတွင်း၊ တွေ့ဆုံမေးမြန်း၍ လူ့အခွင့်အရေး ဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ကူ စုဆောင်းသည်။

ဖြစ်ရပ်တခုချင်းစီအား ရရှိလာသည့် အခြေအနေများအပေါ် မူတည်၍ ကောက်ယူရသည်။ ယခုအစီရင်ခံသည့် အချိန်ကာလအတွင်း ဖြစ်ရပ်များသည် စစ်တပ်မှ ကျူးလွန်မှုကို ခံခဲ့ရသူများ ကိုယ်တိုင်၊ တိုက်ရိုက် ပြောဆိုချက်များ ဖြစ်သည်။ မျက်မြင်သက်သေများမှ ပြောသော အချက်အလက်များနှင့် လေ့လာသူများက အတည်ပြုပေးသော အချက်အလက်များအရ မြန်မာအစိုးရ စစ်သားများ အများဆုံး ကျူးလွန်သော ချိုးဖောက်မှုများဖြစ်သည်။

သို့သော်လည်း မိမိတို့အနေဖြင့် သတင်းအချက်အလက်များ စုဆောင်းရန်အတွက် ကန့်သတ်ချက် အချို့နှင့် ကြုံတွေ့ရသည်။ ပထမအချက်အနေဖြင့်  ND-Burma  မှ ကွင်းဆင်းသတင်း ကောက်ယူသူများသည် လုံခြုံရေးတင်းကြပ်ထားမှုကြောင့် မြန်မာနိုင်ငံတဝှန်းဖြစ်ပွားနေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား စုဆောင်း၊ မှတ်တမ်းတင်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် အစီရင်ခံစာပါ ဖြစ်ရပ်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ် စုစုပေါင်း ၉  နေရာတွင်သာ မှတ်တမ်းတင်ထားနိုင်သည့် အချက်အလက်များ ဖြစ်သည်။

ဒုတိယအနေဖြင့်- လက်ရှိစစ်ပွဲများ ဖြစ်ပွားနေခြင်းနှင့် စစ်ပွဲကြောင့် ထွက်ပြေး၊ တိမ်းရှောင်နေရမှုတို့ကလည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေသည့် ဒေသများသို့ ရောက်ရှိရန် အခက်အခဲ၊ အတားအဆီးများ ဖြစ်ပေါ်စေသည်။ ရလဒ်အနေဖြင့် ကချင်နှင့် ရှမ်းပြည်နယ်တို့ကဲ့သို့ စစ်ပွဲဖြစ်ပွားနေသည့် ဒေသများရှိ သတင်းအချက်အလက်များကို တင်ပြနိုင်ခြင်း မရှိပါ။

နောက်ဆုံးအနေဖြင့် စစ်တပ်အနေဖြင့် အပစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေသည့် ယဉ်ကျေးမှုနှင့် လက်စားချေ၊ ဒဏ်ခတ်ခံရမည်ကို ကြောက်ရွံ့နေမှုတို့ ကြောင့်ကျူးလွန်ချိုး ဖောက်ခံရသူများအနေဖြင့် ထုတ်ဖော်ပြောဆိုရန် အခွင့်အလန်းရှိနေသော်လည်း၊ မပြောရဲကြ ခြင်းတို့ကြောင့် ဖြစ်သည်။

အစီရင်ခံစာပါ ဖြစ်ရပ်များတွင် ပါဝင်သူများ၏ လုံခြုံမှုကို ကာကွယ်ရန်အတွက်၊ ၎င်းတို့၏ အမည်ရင်းများကို အသုံးပြုထားခြင်းမရှိပါ။

*အချက်အလက်စီမံခန့်ခွဲမှု* - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက် ကောက်ယူစုဆောင်းသူများ ပေးပို့လာသည့် အချက်အလက်များကို သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းထံသို့ ပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိ ဝန်ထမ်းများက ကွန်ရက်မှ တပြေးညီအသုံးပြု သည့် Martus ခေါ် ဒေတာဘေ့စ်အတွင်း သတင်းအချက်အလက်များ ထည့်သွင်းသည်။ ND-Burma ၏ အချက်အလက် စီမံခန့်ခွဲရေး အလုပ်အဖွဲ့ (Data Management Team) က အချက်အလက်များအား သုံးသပ်၍၊ ပြင်ဆင်စုစည်းပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှုများ အနက်မှ အစီရင်ခံစာတွင် အသုံးပြုရန် သင့်လျော်သည့် အဖြစ်အပျက်များကို ရွေးချယ်သည်။ ယခုအစီရင်ခံစာ ကာလမတိုင်ခင် ဖြစ်ပွားခဲ့သော တခြားသတင်းအချက်အလက်များကို သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားမည် ဖြစ်ပြီး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလအတွင်း တာဝန်ယူမှု၊ တာဝန်ခံမှု များ ဖော်ထုတ်သည့် ယန္တယားများ ရှိလာလျှင် အသုံးပြုနိုင်စေရန် စီစဉ်ဆောင်ရွက် ထားသည်။

## ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများ

၂၀၁၅ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလအတွင်း၊ လူ့အခွင့်အရေးချိုးဖောက်မှု ၈၄ ခုကို ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည်။ အဆိုပါ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၉ ခုတွင် စုဆောင်း၊ မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ ယခုအစီရင်ခံစာတွင် မြန်မာနိုင်ငံ အတွင်း အဖြစ်အများဆုံး ချိုးဖောက်မှု တခုဖြစ်သည့် ညှင်းပန်းနှိပ်စက်မှုကို မီးမောင်းထိုး တင်ပြထားသည်။ အစီရင်ခံစာတွင် ND-Burma မှ အများဆုံး မှတ်တမ်းတင်နိုင်ခဲ့သည့် ညှင်း ပန်းနှိပ်စက်မှု ၂၆မှုကို ဖော်ပြထားသည်။

ထို့အပြင်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် အဖွဲ့အစည်းအသင်းအပင်း ဖွဲ့စည်းခွင့်ကို ပိတ်ပင်သည့် ချိုးဖောက်မှု ၁၇ ခုနှင့်၊ သတ်ဖြတ်မှု ၁၁ ခုကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။

### ၂၀၁၅ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလအတွင်း ND-Burma မှ မှတ်တမ်းတင်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ၄ |
| ၂ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ၅ |
| ၃ | ပျောက်ဆုံးခြင်း | ၃ |
| ၄ | အတင်းအဓမ္မ စေခိုင်းခြင်း | ၆ |
| ၅ | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | ၁ |
| ၇ | လူကုန်ကူးမှု | ၃ |
| ၈ | သတ်ဖြတ်ခြင်း | ၁၁ |
| ၉ | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | ၁၇ |
| ၁၀ | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | ၂ |
| ၁၁ | အတင်းအဓမ္မ ပြုကျင့်ခြင်း | ၅ |
| ၁၂ | ညှင်းပမ်းနှိပ်စက်ခြင်း | ၂၆ |
| ၁၃ | မတရားအခွန်ကောက်ခြင်း | ၁ |
| စုစုပေါင်း | | ၈၄ |

## နောက်ဆက်တွဲ (၁) လစဉ်အလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများ (ဇန္နဝါရီလ - ဒီဇင်ဘာ ၂၀၁၅)

| လစဉ်နှင့် အမျိုးအစား အလိုက် | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးမှု | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | အတင်းအဓမ္မ ပြုကျင့်ခြင်း | ညှင်းပန်းနှိပ်စက်ခြင်း | မတရားအခွန်ကောက်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန္နဝါရီ | | | | | | | ၁ | | | | ၁ | | ၂ |
| ဖေဖော်ဝါရီ | | | | | | | ၂ | | | | | | ၂ |
| မတ် | ၁ | ၁ | ၂ | ၁ | | ၁ | | | | ၁ | ၂ | | ၉ |
| ဧပြီ | ၁ | ၁ | | ၃ | | | ၂ | | | | ၃ | | ၁၀ |
| မေ | | ၁ | | ၂ | ၁ | | ၂ | | | | ၁ | ၁ | ၈ |
| ဇွန် | | | | | | | | | | ၁ | ၅ | | ၆ |
| ဇူလိုင် | ၂ | | | | | ၂ | | | ၁ | ၂ | ၁၃ | | ၂၀ |
| စက်တင်ဘာ | | | ၁ | | | | ၄ | | | | ၁ | | ၆ |
| အောက်တိုဘာ | | | | | | | | | ၁ | | | | ၁ |
| နိုဝင်ဘာ | | ၂ | | | | | | ၂ | | | | | ၄ |
| ဒီဇင်ဘာ | | | | | | | | ၁၅ | | ၁ | | | ၁၆ |
| စုစုပေါင်း | ၄ | ၅ | ၃ | ၆ | ၁ | ၃ | ၁၁ | ၁၇ | ၂ | ၅ | ၂၆ | ၁ | ၈၄ |

## နောက်ဆက်တွဲ (၂) ပြည်နယ်နှင့်တိုင်းဒေသကြီး အလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇန္နဝါရီလ - ဒီဇင်ဘာ ၂၀၁၅)

| ပြည်နယ်/ တိုင်းနှင့် အမျိုးအစား အလိုက် | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးမှု | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | အတင်းအဓမ္မ ပြုကျင့်ခြင်း | ညှင်းပန်းနှိပ်စက်ခြင်း | မတရားအခွန်ကောက်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဧရာဝတီတိုင်း ဒေသကြီး | | | | | | | | | | | ၂ | | ၂ |
| ကချင်ပြည်နယ် | ၁ | ၃ | ၁ | ၁ | | ၁ | ၄ | | ၁ | ၃ | ၅ | | ၂၀ |
| ကရင်ပြည်နယ် | | | | ၁ | | | | ၁၇ | | | | | ၁၈ |
| မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | ၁ | | ၁ |
| ပဲခူးတိုင်း ဒေသကြီး | | | | | | | | | | | ၄ | ၁ | ၅ |
| ရခိုင်ပြည်နယ် | | | | | | | | | | | ၂ | | ၂ |

| ပြည်နယ်/ တိုင်းနှင့် အမျိုးအစား အလိုက် | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးမှု | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခြင်း၊ စုဝေးခြင်း | လွတ်လပ်စွာ သွားလာခွင့်ကို ကန့်သတ်ခြင်း | အတင်းအဓမ္မ ပြုကျင့်ခြင်း | ညှင်းပန်းနှိပ်စက်ခြင်း | ဓားစာခံအဖြစ်ယူခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရန်ကုန်တိုင်း ဒေသကြီး | | | | | | | | | | | ၃ | | ၃ |
| ရှမ်းပြည်နယ် | ၃ | ၂ | ၂ | ၄ | ၁ | ၂ | ၇ | | ၁ | ၂ | ၈ | | ၃၂ |
| တနင်္သာရီတိုင်း ဒေသကြီး | | | | | | | | | | | ၁ | | ၁ |
| စုစုပေါင်း | ၄ | ၅ | ၃ | ၆ | ၁ | ၃ | ၁၁ | ၁၇ | ၂ | ၅ | ၂၆ | ၁ | ၈၄ |

**နောက်ဆက်တွဲ (၃) လစဉ်အလိုက်နှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇန်နဝါရီလ - ဒီဇင်ဘာ ၂၀၁၅)**

| လစဉ်နှင့် ပြည်နယ်/ တိုင်း အလိုက် | ဧရာဝတီတိုင်း ဒေသကြီး | ကချင်ပြည်နယ် | ကရင်ပြည်နယ် | မန္တလေးတိုင်းဒေသကြီး | ပဲခူးတိုင်း ဒေသကြီး | မွန်ပြည်နယ် | မကွေးတိုင်း ဒေသကြီး | ရှမ်းပြည်နယ် | တနင်္သာရီတိုင်း ဒေသကြီး | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | | | | | | | | ၂ | | ၂ |
| ဖေဖော်ဝါရီ | | ၁ | | | | | | ၁ | | ၂ |
| မတ် | | ၂ | | | | | | ၇ | | ၉ |
| ဧပြီ | | | | | | ၁ | | ၉ | | ၁၀ |
| မေ | | ၄ | ၁ | | ၁ | | | ၂ | | ၈ |
| ဇွန် | ၁ | | | | ၂ | ၁ | | ၂ | | ၆ |
| ဇူလိုင် | ၁ | ၆ | | ၁ | ၂ | | ၃ | ၆ | ၁ | ၂၀ |
| စက်တင်ဘာ | | ၃ | | | | | | ၃ | | ၆ |
| အောက်တိုဘာ | | ၁ | | | | | | | | ၁ |
| နိုဝင်ဘာ | | ၂ | ၂ | | | | | | | ၄ |
| ဒီဇင်ဘာ | | ၁ | ၁၅ | | | | | | | ၁၆ |
| စုစုပေါင်း | ၂ | ၂၀ | ၁၈ | ၁ | ၅ | ၂ | ၃ | ၃၂ | ၁ | ၈၄ |



ရှမ်းပြည်နယ်မှ ထွက်ပြေးတိမ်းရှောင်သူအချို့ – ဓာတ်ပုံ TSYO

# ဖြစ်ရပ်မှန်များ

ဖြစ်ရပ်မှန် (၁)၊ ကချင်ပြည်နယ်

(ဖြစ်ရပ်မှန်အဖြစ်အပျက်များတွင် နာမည်အရင်းများကို အသုံးပြုထားခြင်းမဟုတ်ပါ)။

*ကချင်အမျိုးသမီးအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) မှ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု။*

၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်၊ ညနေ ၂နာရီခွဲတွင် ဦးခွန်နှင့် သူငယ်ချင်းများဖြစ်သည့် ဦးဆန်၊ ဦးထွန်းနှင့် ဦးအီ တို့သည် ဖားကန့်မြို့နယ်ရှိ ဂျန်ဂပ်ရွာတွင် ကျောက်စိမ်းတူးဖော် နေစဉ်၊ ခလရ (၆၆) မှ စစ်သားများ၏ ပစ်ခတ်မှုဖြင့် ဦးခွန်မှာ သေဆုံးသွားသည်။

ဦးလန်၏ ပြောပြချက်အရ "ကျနော်တို့ ကျောက်တူးနေတုန်း သေနတ်ပစ်သံတွေကြားရတယ်၊ ကျနော်တို့ လည်း ကြောက်တာနဲ့ ပုန်းဖို့နေရာရှာတယ်။ နောက်ထပ် သေနတ်ပစ်သံတွေ ကြားရတယ်။ အနားမှာ ကျနော် တို့လိုဘဲ ကျောက်လာတူးတဲ့သူ ၃ ယောက်ပုန်းနေတာ တွေ့တယ်။ အဲဒီအချိန်မှာ သေနတ်ဆက်တိုက်ပစ်သံ ၃ ခါကြားရတယ်။ ဒုတိအကြိမ်ပစ်သံကြားရပြီးတဲ့နောက် ဦးခွန်ဟာ မြေပေါ်မှာ လဲလျောင်း နေတယ်၊ သူ့ကို သေနတ်ထိသွားပြီဆိုတာ သိလိုက် တယ်။

ဒါနဲ့ဘဲ ကျနော်က ဦးခွန်ရဲ့ သူငယ်ချင်းဖြစ်တဲ့ ဦးမန်ကို ဒီကိစ္စနဲ့ပတ်သက်ပြီး ဦးခွန်ရဲ့ သူဌေးဖြစ်တဲ့ ဒေါက်တာ ရှာကို ပြောပြဖို့ ပြောလိုက်တယ်။

အဲဒီအချိန်က ခမရ (၆၆) က ဂျာဂပ်ရွာနားမှာ တပ်ချထားတယ်။ မြန်မာစစ်တပ်နဲ့ KIA တပ်တွေက ဂျာရာယန် ရွာမှာ တိုက်ပွဲဖြစ်နေတဲ့ နေရာနဲ့ အခုအခင်ဖြစ်တဲ့နေရာက သိပ်မဝေးဘူး။ ဒါကြောင့် မြန်မာစစ်တက်က အရပ်သားတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ကို ပတ်ခတ်တာဘဲ။

ဦးခွန်ဟာ အပစ်ခံရပြီး ၁၀ မိနစ်လောက်မှာ သေဆုံးသွားတယ်။ ကျနော်ရယ်၊ ဦးဆန်၊ ဦးထွန်းနဲ့ ဦးအီတို့ လည်း သူ့ရုပ်အလောင်းကို ကြည့်ရှုစောင့်ရှောက်ထားတယ်။ ခမရ ၆၆ က စ်သားတွေက ကျနော်တို့ကို ဒီနေရာက ထွက်ခွာခွင့်မပေးသလို၊ ဒီကိစ္စကိုလည်း တခြားသူတွေ ကိုပြောပြဖို့ ခွင့်မပြုပါဘူး။ ည ၁၁ လောက်ကျနော့၊ စစ်သားတွေက ကျနော်တို့ကို အဲဒီနေရာကနေ တော်တော်ဝေးတဲ့နေရာကို ခြေလျင်သွားဖို့ အမိန့်ပေးတယ်။

နောက်နေ့ မနက် ၅ နာရီခွဲလောက်မှာ ဆန်တောင်မှာရှိတဲ့ စစ်စခန်းကို ကုမ္ပဏီကားနဲ့ ပို့လိုက်တယ်။

ဖေဖော်ဝါရီ ၃ ရက်နေ့မှာ ကျနော်တို့ကို စစ်သားတွေက တယောက်ချင်း စစ်ဆေးပါတယ်။ စစ်ဆေးနေတုန်း ဦးဆန်က သေနတ်နဲ့ ထိုးတာခံရတယ်။ ကျနော်တို့ကိုကျွေးတဲ့ ထမင်းမစားခင် ဘုရားသခင်ကို ကျေးဇူးတင်တဲ့အနေနဲ့ ဆုတောင်းနေတုန်း ခေါင်းတွေကို စစ်သားတွေက ရိုက်ကြတယ်။

စစ်သားတွေက "မင်းဘာ ဘာသာကိုးကွယ်လဲ?"၊ "မင်းက  ကချင်နှစ်ခြင်းလား၊ ကက်သလစ်လား?"၊ "သင်းအုပ်ဆရာက ဘာတွေပြောလဲ?"၊ "မင်းဘာတွေ ဆုတောင်းလဲ?" စသဖြင့် မေးတယ်။

KIA က ငါတို့ကို စတိုက်လို့၊ ငါတို့ ပြန်တိုက်ရတာ၊ အဲဒါကြောင့် KIA က ပစ်လိုက်တဲ့ ကျည်ဆံက ဦးခွန်ကို ထိသွားတာလို့ ပြောတယ်။ အဲဒီအချိန်က KIA တယောက်မှ မရှိတာ၊  လူတိုင်းသိတယ်။ အဲဒီနေ့ မနက် ၁၀ နာရီလောက်မှာ စစ်မှ ဆိုတဲ့ စစ်စခန်းကို ပို့ပြီး အဲဒီကနေ တဆင့် ဖားကန့်က စစ်စခန်းကို ပို့လိုက်တယ်။ ဖေဖော်ဝါရီ ၄ ရက်နေ့မှာတော့ ရပ်ရွာလူကြီး တွေနဲ့ ဒေါက်တာရှာတို့ အာမခံချက်နဲ့ ဖားကန့် စခန်းကနေ ကျွန်တော်တို့ကို လွှတ်ပေးလိုက်တယ်"။

ဒေါက်တာရှာ က "ကျနော်တို့ ဆေးစစ်ချက်ကိုကြည့်တော့၊ ဦးခွန်ရဲ့ နှလုံး၊ ဝမ်းဗိုက်၊ ဆီးအိမ်၊ အသည်းနဲ့ ဆီးအိမ်အပါအဝင် သူ့ခန္ဓာကိုယ်မှာ သေနတ်ဒဏ်ရာ ၈ချက်တွေ့တယ်။ တချို့ဒဏ် ရာတွေဆို အတွင်းထဲ ထိ ခပ်နက်နက်ကလေးဝင်သွားလို့၊ ကျနော်တို့ မထုတ်ကြည့်တော့ဘူး။ ဒီဖြစ်ရပ်က ကျနော့်ကို ကြေကွဲ၊ စိတ်ပျက်စေပါတယ်။ ဒါဟာ အရပ်သားပြည်သူတွေအပေါ် အစိုးရတပ်တွေက တိုက်ရိုက် ပစ်ခတ်တိုက်ခိုက်မှုပါ။ ဒ့ါအပြင် အဲဒီအချိန်က KIA စစ်သားတွေ လည်းမရှိပါဘူး။ ကျနော်တို့ ကချင်ပြည်သူတွေဘဝက လုံခြုံမှု မရှိပါဘူး။ ကျနော် ဒီကိစ္စကို တရားရုံးကို တင်ချင်ပေမယ့်၊ အစိုးရဝန်ထမ်းတွေဟာ အစိုးရအပေါ်ဘက်လိုက်ကျတော့ တရားရုံးတင်ရင်လည်း မျှမျှတတဖြစ်မှာ မဟုတ်ဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး စိတ်ပျက်မိပေမယ့်၊ ကျနော်ဘာမှ မလုပ်နိုင်ဘူး။ ဖေဖော်ဝါရီ ၆ ရက်နေ့မှာတော့ သူ့အတွက် အမှတ်တရနဲ့ ဆုတောင်းပွဲ ကျင်းပခဲ့ပါတယ်"။

ဖြစ်ရပ်မှန် (၂)၊ ရှမ်းပြည်နယ်

လက်နက်ကိုင်ဆောင်ထားပြီး၊ ပုက်ထားသည်ဟု စွပ်စွဲကာ ညှင်းပန်းနှိပ်စက်ခြင်း

*ကချင်အမျိုးသမီးအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) မှ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှု။*

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့၊ နေ့လည် ၁ နာရီခန့်တွင်၊ မော်ဟန်ရွာအနီးတွင် မိနစ် ၂၀ ခန့် ရုတ်တရက် တိုက်ပွဲဖြစ်ပွားပြီး၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းမှထွက်လာသည့်အခါ၊ တိုက်ပွဲရပ်သွားသည်။ ထို့နောက် ခမရ (၅၀၂) မှ စစ်သားများသည် ရွာလည်လမ်းမကြီးတွင် ရွာသားများကို စုရုံးစေသည်။ ထို့နောက် ရွာသား ၁၈ ဦးအား KIA စစ်သားများ ဖြစ်သည် (သို့) ဆက်နွယ်သူများဖြစ်သည်ဟု သံသယဖြစ်ကာ ဖမ်းဆီးခဲ့သည်။ တရက်တည်းတွင်ပင် ဦးလသည် တောထဲတွင် ထင်းရှာသွားနေခဲ့ပြီး၊ သူ့ရွာတွင် တိုက်ပွဲဖြစ်သည်ကိုလည်း မသိဘဲ ရွာသို့ ပြန်လာခဲ့သည်။

ရွာအပြန်လမ်းတွင် စစ်သားနှစ်ဦး ရုတ်တရက်ရောက်လာပြီး ဦးလကို ကြိုးဖြင့်တုတ်၊ ဖမ်းဆီးခဲ့သည်။ ထို့နောက် နောက်ထပ် စစ်သားသုံးဦးရောက်လာသည်။ ထို့နောက်သူ့ကို ရွာလယ်လမ်းသို့ခေါ်ဆောင်ခဲ့သည်။ စစ်သားများက ဦးလကို တနာရီခန့် စစ်ဆေးမေးမြန်း နှိပ်စက်ကြသည်။ စစ်သား ၅ ယောက်က ဦးလ၏ လက်၊ မျက်နှာနှင့် ခြေထောက်တို့အား ကန်ကျောက်၊ ထိုးနက်ကြသည်။ သူ့ခြေထောက်များအားလည်း လိမ်ယှက်ထားပြီး၊ သူ့မျက်နှာနှင့် ပါးစပ်ကို သေနတ်ဒင်နှင့် ထုနက်သည့်အတွက် သွေးအလိမ်းလိမ်းဖြစ်ကာ၊ သွား ၄ ချောင်းပါ ကျွတ်သွားသည်။

စစ်ဆေးမေးမြန်းမှုမှာ တနာရီခန့်ကြာမြင့်ပြီး စစ်သားများက "မင်း KIA စစ်သားလား?" ဟု ထပ်ကာ၊ ထပ်ကာ မေးရာ ဦးလက "KIA စစ်သားမဟုတ်ဘူး၊ ရွာသားပါ" ဟု ပြောသော်လည်း၊ သူ့ကို မယုံကြည်ကြပေ။ ထို့နောက် စစ်သားများက သူ့အိမ်သို့ ခေါ်သွားပြီး လက်နက်များ ရှာဖွေခဲ့သည်။ သူ့အိမ်ရောက်သည့်အခါ ဈေးမှဝယ်လာသည့် အစိမ်းရောင် ဦးထုပ် (KIA ဦးထုပ် မဟုတ်) ကို တွေ့သည့်အခါ သံသယပိုဝင်ပြီး၊ သေနတ်ကို သူ့အား စစ်သားများစတွေ့ခဲ့သည့် တောထဲတွင် ပုက်ထား

သည်ဟုဆိုကာ ထိုနေရာသို့ ပြန်ခေါ်သွားပြန်သည်။ သို့သော်လည်း ထိုနေရာတွင် သူကောက် ထားသည့် ထင်းများကိုသာ တွေ့ရသည်။

စစ်သားများက သူ့ကိုစတွေ့တွေ့ချင်းနှင့်၊ တောထဲသို့ပြန်ခေါ်သွားပြီးနောက် သူ့အိမ်တွင်တခါ၊ နှစ်ခါညှင်းပန်းနှိပ်စက်ခဲ့သည်။ နှိပ်စက်မှုကြောင့် သူ့တကိုယ်လုံး ဒဏ်ရာများဖူးယောင်နေကာ၊ လက်ကိုပင် မနိုင်ခြင်းမရှိပေ။ သူ့ရှေ့ရောက်နေသည့် သူကိုပင် နာမည်မမှတ်မိ၊ သူ့မိသားစုကို ပင် မမှတ်မိလောက်အောင် အခြေအနေဆိုးရွားခဲ့သည်။

စစ်သားများက ဦးဇော်နှင့် ဒေါ်ဟွန်တို့၏ နေအိမ်များကို ပြခိုင်းပြီး၊ လက်နက်များ ရှာဖွေကြပြန်သည်။ သို့သော်လည်း မည်သည့်လက်နက်မျှ မတွေ့ရှိပေ။ ရွာလူကြီးများ၏ ထောက်ခံမှုဖြင့် ဦးလသည် သူ့အိမ်သို့ ပြန်ခွင့်ရခဲ့သည်။

နောက်ပိုင်းတွင် စစ်သားများက ဦးလကို ပြန်ပို့ပေးပါက၊ ဖမ်းဆီးထားသည့် ရွာသား ၁၈ ဦးအား လွှတ်ပေးမည်ဟု စာပို့ခဲ့သည့်အတွက်၊ ဦးလသည် စစ်သားများထံ ပြန်သွားရပြန်သည်။ စစ်သားများက ရွာသား ၁၈ ဦးကို ဖမ်းဆီးထားဆဲဖြစ်ပြီး၊ တညလုံး ဘာမှမစားရဘဲ လမ်း လျှောက်ခဲ့ကြရသည်။ နောက်ရွာတွင် ညအိပ်ရပ်နားပြီး၊ နောက်နေ့တွင် ကွတ်ခိုင်အထိ ဆက်လျှောက်ရပြန်သည်။ ကွတ်ခိုင်မြို့ရှိ ဓာတ်ဆီဆိုင်သို့ အရောက်တွင် စစ်သားများက ရွာသား ၁၈ ဦးကို ပြန်လွှတ်ပေးခဲ့သည်။ ဦးလကိုမူ ဆက်လက်ဖမ်းဆီးထားပြီး၊ အမှတ်တရ ကျောက်တိုင်သို့ ခေါ်သွားသည်။ ထို့နောက် ကွတ်ခိုင်ရှိ ကက်သလစ်ဘုရားကျောင်းသို့ ရောက်သည့်အခါ သူ့ကို ပြန်လွှတ်ပေးခဲ့သည်။

နောင်ဆစ် ဘုရားကျောင်းမှ တာဝန်ရှိသူများက မောဟန်ရွာသို့ ဦးလမပြန်ခင်၊ သူ့အား ဆေးဝါးကုသပေးသည်။ သူ့အကြောင်း ကြားသိရသည့် AZG (နယ်စည်းမခြား ဆရာဝန်များ အဖွဲ့) က ဦးလအား ကွတ်ခိုင် ဆေးရုံသို့ ပို့ပေးပြီး ဆေးကုသပေးကြသည်။ သူဆေးရုံတက်နေ စဉ် မိသားစုဝင်များကသာ အစား အသောက်များ တာဝန်ယူပို့ပေးသည်။

ဦးလအနေဖြင့် နှိပ်စက်ခံရခြင်းကြောင့် ဒဏ်ရာများရရှိခဲ့သော်လည်း မိသားစု စားဝတ်နေရေး အတွက် အလုပ်ဆက်လုပ်နေရသည်။ ဒဏ်ရာများရရှိထားသော်လည်း ဦးလအနေဖြင့် သွား ၄ ချောင်းကျွတ်သွားခြင်း အပေါ် ပို၍ စိတ်ဓာတ်ကျနေသည်။ ဦးလ၏ ကြောက်ရွံ့တုန်လှုပ်စရာ အဖြစ်အပျက် ကြောင့် ဇနီးဖြစ်သူမှာ သွေးတိုးမှုကို ခံစားနေရသည်။ AZG ကွတ်ခိုင်မှ သူ၏ ကျန်းမာရေးကိစ္စကို တာဝန်ယူထားသည်။



ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်အတွင်းမှ စွန့်ခွာထွက်ပြေးတိမ်းရှောင်သူအရေအတွက်ကို မှတ်သားထားသည့် သင်ပုန်း – ဓာတ်ပုံ TSYO

# နိဂုံး

၂၀၁၅ ခုနှစ် ဇန်နဂါရီလမှ ဒီဇင်ဘာလအထိ လူ့အခွင့်အရေးအခြေအနေ အနည်းငယ်ပြောင်းလဲနေ သော်လည်း၊ နောက်အသစ်တက်လာမည့် အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှု၊ အမျိုးသားပြန် လည်ရင်ကြားစေ့ရေးနှင့် အသွင်ကူးပြောင်းရေးကာလတရားမျှတမှုနှင့် နစ်နာခဲ့သူများအတွက် ပြန်လည်ဆောင်ရွက်ပေးရန် အခွင့်အလန်းများ ရှိနေသည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် (EAOs) ၈ဖွဲ့တို့ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင် သော်လည်း၊ ကျန်သည့် EAOs အဖွဲ့များက NCA တွင် နောက်ထပ် ၆ ဖွဲ့ ပါဝင်မှ လက်မှတ်ထိုးမည်ဟု ငြင်းဆိုထားသည်။

သဘောတူညီချက်များ ရရှိထားသော်လည်း လက်နက်ကိုင်ပဋိပက္ခများ အထူးသဖြင့် NCA အား လက်မှတ်မထိုးထားသည့် အဖွဲ့များဖြစ်သည့် တအာင်း တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရခိုင့်တပ်မတော် (AA) နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ရှမ်းပြည် တပ်မတော် တောင်ပိုင်း (SSA/RCSS) ဒေသများတွင် ဖြစ်ပွားလျှက်ရှိသည်။ အကျိုးဆက်အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပေါ်စေပြီး အရပ်သား များအနေဖြင့် မြန်မာ့တပ်မတော်နှင့် EAOs တို့၏ ပစ်မှတ်ထား တိုက်ခိုက်ခြင်းခံနေရသည်။

စစ်ပွဲများ ကျယ်ပြန့်စွာ၊ ဆက်လက်ဖြစ်ပွားနေမှုက အစိုးရသစ်လက်ထက်တွင် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ နောက်ထပ်လိုအပ်နေဆဲဟု ပြသနေခြင်းဖြစ်သည်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့်၊ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိစေရန်အတွက် အတိတ်က လူ့အခွင့်အ ရေးချိုးဖောက်မှုများအပေါ် တရားဝင်အသိအမှတ်ပြုပေးရန်၊ မြန်မာစစ်တပ်နှင့် EAOs များဘက်မှ လက်ရှိ၊ ကျူးလွန်နေသည့် လူ့အခွင့်အရေး ချိုးဖောက်နေမှုများရပ်တန့်သွားစေရန် အစီအစဉ်များချမှတ်ရန်နှင့် လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသူများအား ပြန်လည်ပျိုးထောင်ပေးခြင်း ဖြင့် စနစ်တကျ အရေးယူဆောင်ရွက်ပေးရန် လိုအပ်သည်။  ထို့အပြင် မြန်မာ့တပ်မတော်နှင့် EAOs  များအနေဖြင့် ဂျီနီဗာကွန်ဗန်းရှင်းအပါအဝင် နိုင်ငံတကာ ဥပဒေများကို လေးစားလိုက်နာပြီး အရပ်သားပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို ရပ်စဲရန်၊ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို အလေးထားရန်လိုအပ်သည်။

အဆိုပါအချက်များ အကောင်အထည်ပေါ်လာမှသာ ရေရှည် တည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အနာဂတ်တွင် မျှော်လင့်နိုင်မည် ဖြစ်သည်။

အစိုးရသစ်အနေဖြင့် တွေ့ကြုံရမည့် စိန်ခေါ်မှုမှာ မြန်မာ့တပ်မတော်နှင့်  EAOs တို့အကြား ဆက်လက်၍ တွေ့ဆုံညှိနှိုင်း၊ အဖြေရှာနေစဉ်တွင် အတိတ်မှ ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေ ရှင်းနိုင်ရေးပင်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့လူ့အခွင့်အရေးကော်မရှင် (MNHRC) ကိုလည်း ပြင်သစ်အခြေခံမူများအတိုင်း ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်သည်။  သို့မှသာ လူ့အခွင့်အရေးချိုးဖောက်မှုများအား လွတ်လပ်စွာ စုံစမ်း စစ်ဆေးနိုင်မည်ဖြစ်သည်။

ထို့အပြင် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ်  MNHRC ၏ စုံစမ်းစစ်ဆေးနိုင်ခွင့်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်ပြီး အကြံပြုချက်များအပေါ် အကောင်အထည်ဖော်၊ ဆောင်ရွက်မှုများအပေါ် စစ်တပ်အနေဖြင့် လေးစားလိုက်နာရန် အရေးကြီးသည်။

အသစ်တက်လာမည့် အစိုးရအနေဖြင့်၊ နိုင်ငံရေးအရ ဆန့်ကျင်သူများအား ဖိနှိပ်ခြင်းနှင့် အကျဉ်းချနိုင်သည့် ဥပဒေနှင့် ဖွဲ့စည်းတည်ဆောက်ပုံများအား ပြုပြင်ပြောင်းလဲခြင်း၊ ရုပ်သိမ်းခြင်းနှင့် ပြင်ဆင်ခြင်းများ လုပ်ဆောင်ရန် လိုအပ်သည်။



GPO 315
Chiang Mai 50000
Thailand

+66 (0) 53 408 149
office@nd-burma.org
www.nd-burma.org

